Chin National Front
General Headquarters
Chinland

www.chinland.org

# မြန်မာအုပ်စုအဖွဲ့မှ အိန္ဒိယသမ္မတကတော် ခြိမ်းခြောက်ခြင်းဟူသောသတင်းဖော်ပြချက်အပေါ် ချင်းအမျိုးသားတပ်ဦး၏ ရှင်းလင်းချက်

၁၉၉၉–ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်နေ့ထုတ် "The Time of India" သတင်းစာတွင် "Myanmar group threatens President's wife" ခေါင်းစဉ်ဖြင့် သတင်းဖော်ပြရာတွင် ချင်းအမျိုးသားတပ်ဦးက အိန္ဒိယ သမ္မတကတော် MRS. Usha Marayanan အား လုပ်ကြံရန် ကြံစည်သည်ဟု ရေးသားဖော်ပြချက် ဖတ်ရှုရသဖြင့် လွန်စွာအံ့သြ၍ စိတ်မကောင်းဖြစ် မိပါသည်။ ဤသတင်းကို အိန္ဒိယအစိုးရထောက်လှမ်းရေးဌာနများတွင် ၁၉၉၇ခုနှစ်၊ စက်တင်ဘာလတွင် စတင်ပြောဆိုခဲ့ဘူးပြီး ဖြစ်သည်။ မိမိတို့ ချင်းအမျိုးသားတပ်ဦးအနေဖြင့် အခြေအမြစ်မရှိသော လုပ်ကြံသတင်းသာဖြစ်ကြောင်း သက်ဆိုင်ရာထောက် လှမ်းရေးဌာနများအား တွေ့ဆုံရှင်းလင်းခဲ့ပြီးဖြစ်သည်။

The Time of India သတင်းစာ၏ ဒီဇင်ဘာလ (၃)ရက်နေ့ ထုတ်သတင်းရေးသားချက်များသည် ၁၉၉၇ခုနှစ်၊ စက်တင်ဘာလ၌ ထောက်လှမ်းရေးဌာနများက ပြောဆိုခဲ့ဘူးသောလုပ်ကြံသတင်း၏ နောက်ဆက်တွဲသာဖြစ်၍ အခြေအမြစ် လုံးဝမရှိသော သတင်းသာ ဖြစ်ပေသည်။ ထို့ကြောင့် ဤသတင်းသည် လုံးဝမှားယွင်းသောရေးသားချက်သာလျှင်ဖြစ်သည်။
မီဇိုရမ်အကျဉ်းထောင်တွင် ချင်းအမျိုးသားတပ်ဦးအဖွဲ့ဝင်များ ဖမ်းဆီးထောင်ချခြင်းခံနေရသည်ဟူသော သတင်း ရေး သားချက်သည်လည်း လုံးဝမဟုတ်မမှန်သည့်အပြင် Thangzo နှင့် Sangitali ဟူသော လူနာမည်သည် ချင်းအမျိုးသားတပ်ဦးတွင် မရှိပေ။ ထို့အပြင် အိန္ဒိယသမ္မတကတော်ကို တွေ့ဆုံရန်ကြိုးစားခြင်းနှင့်ဆက်သွယ်ခြင်းလည်း မပြုလုပ်ခဲ့ဘူးပေ။
ဤသတင်းလုပ်ကြံမှုသည် ဗိုလ်ချုပ်ခင်ညွန့်ဦးစီးသော မြန်မာစစ်ထောက်လှမ်းရေးတပ်ဖွဲ့က ချင်းအမျိုးသားတပ်ဦးနှင့် အိန္ဒိယအစိုးရ အကြား ရန်တိုက်ပေးနိုင်ရန် ရည်ရွယ်ချက်ရှိရှိဖြင့် အကွက်ဆင်အားထုတ်သော လုပ်ရပ်သာဖြစ်သည်ဟု ချင်းအ မျိုးသားတပ်ဦးကရှုမြင်သုံးသပ်ပါသည်။
မိမိတို့ချင်းအမျိုးသားတပ်ဦးသည် တရားမဝင်သော မြန်မာစစ်အုပ်စုအစိုးရကို ဆန့်ကျင်တော်လှန်၍ မိမိတို့ချင်းအမျိုးသား၏ ဒီမိုကရေစီအခွင့်အရေး၊ လူ့အခွင့်အရေးပြန်လည်ရရှိရေးအပြင် အခြားသောတိုင်းရင်းသားပြည်သူများနှင့် လက်တွဲ၍ ဖက်ဒရယ်ပြည်ထောင်စု ပြန်လည်တည်ဆောက်ရေးအတွက် တိုက်ပွဲဝင်နေသောအဖွဲ့ဖြစ်ပါသည်။

သို့ဖြစ်၍ ဒီမိုကရေစီကျင့်သုံးထွန်းကားနေသော အိန္ဒိယနိုင်ငံနှင့်ပြည်သူလူထု၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသော လုပ်ရပ်များ လုံးဝပြုလုပ်မည်မဟုတ်ပေ။ ဗဟိုအစိုးရနှင့်၎င်း၊ ဒေသဆိုင်ရာအစိုးရများနှင့်၎င်း၊ ချစ်ကြည်သင့်မြတ် စွာ ဆက်ဆံနိုင်ရေး အမြဲကြိုးစားနေပါသည်။

နောက်နောင်တွင်လည်း ဤလုပ်ရပ်မျိုးကို ကောက်ကျစ်စဉ်းလဲသော မြန်မာစစ်ထောက်လှမ်းရေးအဖွဲ့က လုပ်ကြံ သတင်းမျိုး ဆက်လက်ပြုလုပ်နိုင်ပါသည်။ ဤသို့သော အခြေအနေတွင် သက်ဆိုင်ရာအစိုးရ တာဝန်ရှိပုဂ္ဂိုလ်များကင်း၊ သိက္ခာရှိ၍ လွတ်လပ်သော သတင်းစာတိုက်ကြီးများကင်း၊ သတိရှိရှိသုံးသပ်လျှက် အဖျက်လုပ်ငန်းဖြင့် အာဏာဆက်လက် ချုပ်ကိုင်နိုင်ရေးအားထုတ်နေသော မြန်မာစစ်အစိုးရ၏လုပ်ရပ်ကို နားမယောင်မိစေရေး သတိပြုကြပါရန် အလေးအနက် တိုက် တွန်းအပ်ပါသည်။

၁၉၉၉–ခုနှစ်၊ ဒီဇင်ဘာလ (၆) ရက်နေ့

ဗဟိုကော်မီတီ
ချင်းအမျိုးသားတပ်ဦး

Chin National Front – General Headquarters, Chinland

Chin National Front – General Headquarters, Chinland